- ဥပဒေ ဆိုတာဟာ လူသားတွေ ကောင်းကျိုးအတွက် လူထုထဲကနေ ပေါက်ဖွားလာခြင်းသည်သာ အစစ်မှန်ဆုံးလို့ ခံယူပါတယ်။ ကိုယ့်အတွက် အခွင့်အရေးတွေပေးထားသလို ကိုယ့်တာဝန်ကိုလည်း ပိုင်းပိုင်းခြားခြား သတ်မှတ်ပေးထားပြန်တာမို့ သိနိုင်ရင် သိနိုင်သလောက် အကျိုးခံစားခွင့်တွေ ရှိနေပါတယ်။ ပြည်သူတွေ အထူးသဖြင့် စီးပွားဆောင်တာ လုပ်ငန်းတွေနဲ့ နေ့စဉ်ရင်ဆိုင် ကြုံတွေ့နေရသူတွေ၊ ဥပဒေပညာကို စတင်သင်ယူကြမယ့်သူတွေ၊ အခြားဘာသာရပ်ကို သင်ယူရင်း ပဋိညာဉ် အက်ဥပဒေကို တွဲဖက် သင်ယူရသူတွေ အားလုံးအတွက် ဒီစာအုပ်က တစ်စိတ်တစ်ပိုင်း ဖြည့်ဆည်းပေးနိုင်မယ်လို့လည်း ယုံကြည်ပါတယ်။

*နိဒါန်းစကား* မှ

- ပဋိညာဉ် အက်ဥပဒေမှာ ပဋိညာဉ်တစ်ရပ်ကို ပြုလုပ်ရင် စာနဲ့လုပ်ရမယ်လို့ သတ်မှတ်မထားပါဘူး။ နှုတ်နဲ့ဖြစ်ဖြစ်၊ အပြုအမူနဲ့ဖြစ်ဖြစ်၊ စာနဲ့ဖြစ်ဖြစ် ပြုလုပ်နိုင်ပါတယ်။ နှုတ်တို့၊ အပြုအမူတို့ ဆိုတာတွေက ဖြစ်ပြီးရင် ပျောက်သွားတတ်တာမျိုးဆိုတော့ ပဋိညာဉ် ရှိခဲ့တယ် ဆိုတာကို နောင်တစ်ချိန်မှာ လက်ဆုပ်လက်ကိုင် ပြဖို့ ခဲယဉ်းတတ်ပါတယ်။ အကောင်းဆုံးကတော့ စာနဲ့ ရေးသား မှတ်တမ်းတင်ထားရင် ဒီစာအတိုင်းပဲ အမှန်လို့ ကောက်ယူနိုင်ပါတယ်။

*တရားဝင် ပဋိညာဉ် ဖြစ်မြောက်ရန် လိုအပ်ချက်များ* မှ

- ကုမ္ပဏီများ၊ ပစ္စည်း ထုတ်လုပ်သူများဟာ ကိုယ့်ထုတ်ကုန် ပစ္စည်းကို ကြော်ငြာတော့မယ်ဆိုရင် ကြော်ငြာထားတဲ့အတိုင်း မှန်ကန်ဖို့ တာဝန်ယူရမှာ ဖြစ်ပါတယ်။ ကြော်ငြာလိုက်တာနဲ့ တစ်ပြိုင်နက် ဥပဒေအရ ကမ်းလှမ်းခြင်း မြောက်နေပါပြီ။ စားသုံးသူများအနေနဲ့လည်း ကြော်ငြာပါအတိုင်း မဟုတ်ဘဲ ဒီပစ္စည်းကို သုံးစွဲလို့ ကိုယ့်မှာ အန္တရာယ်ရှိတယ်ဆိုရင် ဥပဒေအရ လျော်ကြေးတောင်းဆိုခွင့် ရှိနိုင်တယ်ဆိုတာ သိထားကြဖို့ လိုပါတယ်။

*လက်ခံခြင်းမြောက်ရန် လိုအပ်ချက်များ* မှ

- ကုန်ပစ္စည်းကို ကြိုတင်ရောင်းချတဲ့ ပဋိညာဉ်ဟာ တစ်ခါတစ်ရံမှာ လောင်းကစား ပဋိညာဉ် ဖြစ်သွားတတ်တာမျိုး ရှိပါတယ်။ ရောင်းသူနဲ့ ဝယ်သူအကြားမှာ အရောင်းအဝယ်ပြုလုပ်ဖို့ သဘောတူညီထားတဲ့ ကုန်ပစ္စည်းကို ပေးအပ်ဖို့နဲ့ လက်ခံဖို့ မရည်ရွယ်ကြဘူး။ ရောင်းဈေးနဲ့ ပေါက်ဈေး ခြားနားတဲ့ ငွေကိုသာ အပေးအယူပြုလုပ်ဖို့ ရည်ရွယ်ထားရင် အဲဒီပဋိညာဉ်ဟာ လောင်းကစား သဘောတူညီချက်ပါ။ လောင်းကစား သဘောတူညီချက်တွေဟာ တရားဝင် ပဋိညာဉ် အဆင့်အထိ မရောက်တဲ့အတွက် အကောင်အထည်ဖော်လို့ မရပါဘူး။

*ပျက်ပြယ်သော သဘောတူညီချက်* မှ

- ပဋိညာဉ် ချိုးဖောက်မှုတိုင်းမှာ နစ်နာသူဟာ လျော်ကြေးတောင်းဆိုခွင့် ရှိပါတယ်။ သာမန်အခြေအနေမှာတော့ နစ်နာသူဟာ သူ အမှန်တကယ် နစ်နာ ဆုံးရှုံးမှုအတွက်သာ လျော်ကြေးရပိုင်ခွင့် ရှိပါတယ်။ အလွန် ထူးခြားတဲ့ အခြေအနေမှာတော့ စံနမူနာအဖြစ် ပေးတဲ့ လျော်ကြေး ရထိုက်ခွင့် ရှိပါတယ်။ ဥပမာအားဖြင့် လက်ထပ်ထိမ်းမြားဖို့ ကတိချိုးဖောက်မှုတွေမှာဆိုရင် နစ်နာသူရဲ့ စိတ်ထိခိုက်မှု၊ သူ့ရဲ့ ဂုဏ်သိက္ခာ ထိခိုက်မှုတွေကိုပါ တရားရုံးတွေက ထည့်သွင်းစဉ်းစားပေးတဲ့အတွက် အမှန်တကယ် နစ်နာကြေးထက် ကျော်လွန်ပြီး စံနမူနာပြ လျော်ကြေးကို ပေးအပ်စေမှာ ဖြစ်ပါတယ်။

*ပဋိညာဉ် ချိုးဖောက်မှုအတွက် ရရှိနိုင်သော သက်သာခွင့်များ* မှ

## မာတိကာ


- ဒေါက်တာထွန်းရှင်၏ အမှာစာ — က
- နိဒါန်းစကား — ဃ

၁။ ပဋိညာဉ် အက်ဥပဒေပါ စကားရပ်များအတွက် အဓိပ္ပာယ် ဖွင့်ဆိုချက် — ၃
၂။ အကြောင်းကြားခြင်း၏ အရေးပါမှု — ၃၃
၃။ တရားဝင် ပဋိညာဉ် ဖြစ်မြောက်ရန် လိုအပ်ချက်များ — ၄၁
၄။ ပျက်ပြယ်သော သဘောတူညီချက် — ၆၉
၅။ ပဋိညာဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း — ၈၇
၆။ သဏ္ဌာန်ဆောင် ပဋိညာဉ်များ — ၁၀၉
၇။ ပဋိညာဉ် ချိုးဖောက်မှုအတွက် ရရှိနိုင်သော သက်သာခွင့်များ — ၁၁၉
၈။ သီးခြားပဋိညာဉ် အမျိုးအစားများ — ၁၃၉

- နိဂုံးစကား — ၂၀၂
- ကျမ်းကိုးစာရင်း — ၂၀၄
- ကျေးဇူးတင်လွှာ